►トピック 旅行に行こう

# 第5課 早く予約したほうがいいですよ

日本の観光地で知っているところがありますか？
ဂျပန်နိုင်ငံ၏ ခရီးသွားလည်ပတ်စရာနေရာများမှ သင်သိသောနေရာများရှိပါသလား။

## 1. いつか行ってみたいです

Can-do 19
**日本の観光地についての簡単な紹介を聞いて、そこがどんなところか、何ができるかなどを理解することができる。**
ဂျပန်နိုင်ငံ၏ ခရီးသွားလည်ပတ်စရာနေရာများနှင့်ပတ်သက်သော မိတ်ဆက်အကျဉ်းများကိုနားထောင်ပြီး မည်သည့်နေရာမျိုးဖြစ်သည်၊ မည်သည်တို့ကိုလုပ်နိုင်သည် စသည်တို့ကို နားလည်သဘောပေါက်နိုင်သည်။

### 1 ことばの準備

စကားလုံးများကို ကြိုတင်လေ့လာခြင်း

【どんなところ?】

a. 自然が豊か(な)




b. 海がきれい(な)



c. 食べ物がおいしい



d. 暖かい




e. 古い町



f. 人が多い／混んでいる



g. 遊ぶところが多い



h. 海外からの観光客に人気がある



（1） 絵を見ながら聞きましょう。 05-01
ရုပ်ပုံကိုကြည့်ရင်း နားထောင်ကြရအောင်။

（2） 聞いて言いましょう。 05-01
နားထောင်ပြီးပြောကြရအောင်။

（3） 聞いて、a-h から選びましょう。 05-02
နားထောင်ပြီး a-h ထဲမှ ရွေးကြရအောင်။



©The Japan Foundation

## 2 会話を聞きましょう。

စကားပြောကိုနားထောင်ကြရအောင်။

► いつか行ってみたい日本の観光地について、4人の人が質問しています。

တစ်နေ့နေ့တွင် သူတို့သွားကြည့်ချင်သည့် ဂျပန်နိုင်ငံ၏ခရီးသွားဒေသများနှင့်ပတ်သက်ပြီး လူ ၄ ဦး က မေးမြန်းပြောဆိုနေပါသည်။




### (1) どんなところだと言っていますか。 1 の a-h から選びましょう。

မည်သည့်နေရာမျိုးဖြစ်သည်ဟု ပြောနေပါသလဲ။ 1 ၏ a-h ထဲမှ ရွေးကြရအောင်။

| | ①北海道 05-03 | ②東京 05-04 | ③沖縄 05-05 | ④京都 05-06 |
|---|---|---|---|---|
| どんなところ? | , | , | , | , |


### (2) もういちど聞きましょう。何ができると言っていますか。ア - カから選びましょう。

နောက်တစ်ကြိမ် နားထောင်ကြရအောင်။ မည်သည်တို့ကိုလုပ်နိုင်သည်ဟု ပြောနေပါသလဲ။ ア-カ ထဲမှ ရွေးကြရအောင်။

ア. 一日中遊ぶ



イ. 新鮮なカニやウニを食べる



ウ. お寺や神社を見る




エ. きれいな魚を見る



オ. いろいろな日本のお土産を買う




カ. 泳ぐ／シュノーケリングをする



| | ①北海道 05-03 | ②東京 05-04 | ③沖縄 05-05 | ④京都 05-06 |
|---|---|---|---|---|
| 何ができる? | | | , | , |


©The Japan Foundation

（3）ことばを確認して、もういちど聞きましょう。 05-03 ～ 05-06
စကားလုံးများကိုဖတ်ပြီး နောက်တစ်ကြိမ် နားထောင်ကြရအောင်။

番組 အစီအစဉ် | いつか တစ်နေ့နေ့ / တစ်ချိန်ချိန် | やっぱり ထင်ထားတဲ့အတိုင်း
ラッシュ အသွားအလာအများဆုံးအချိန် (အထူးသဖြင့်ရုံးတက်ရုံးဆင်းချိန်) | 水族館 အဏ္ဏဝါပြတိုက်

## 形に注目

（1）音声を聞いて、＿＿＿＿＿にことばを書きましょう。 05-07
အသံကိုနားထောင်၍ ＿＿＿＿＿ တွင် စကားလုံးများကိုရေးကြရအောင်။

（北海道は）新鮮なカニとかウニとか＿＿＿＿＿＿＿＿＿＿よ。

（東京は）遊ぶところがいろいろあるから、一日中＿＿＿＿＿＿＿＿＿＿よ。

（沖縄は）暖かいから、春から秋まで＿＿＿＿＿＿＿＿＿＿よ。

シュノーケリングも＿＿＿＿＿＿＿＿＿＿し。

大きい水族館があって、きれいな魚が＿＿＿＿＿＿＿＿＿＿よ。

（京都は）いろいろな日本のお土産が＿＿＿＿＿＿＿＿＿＿し、海外からの観光客にもすごく人気があるよね。

! できることを言うとき、どんな形を使っていましたか。 ➡ 文法ノート ❶
လုပ်နိုင်သည့်အရာများကိုပြောသည့်အခါ မည်သည့်သဒ္ဒါပုံစံကို အသုံးပြုခဲ့ပါသလဲ။

（2）形に注目して、会話をもういちど聞きましょう。 05-03 ～ 05-06
သဒ္ဒါပုံစံကိုသတိပြုပြီး စကားပြောကို နောက်တစ်ကြိမ် နားထောင်ကြရအောင်။


©The Japan Foundation

# 2. 景色がきれいなところがいいです

**Can-do 20**
友人と旅行の計画を話し合うことができる。
မိတ်ဆွေများနှင့် ခရီးစဉ်အစီအစဉ်များကို ဆွေးနွေးနိုင်သည်။

## 1 会話を聞きましょう。
စကားပြောကိုနားထောင်ကြရအောင်။

► ディアナさんとソフィアさんは友だちです。
2人は、来月いっしょに1泊2日の旅行に行くために、行き先を相談しています。
ဒိုင်ယာနာစံ နှင့် ဆိုဖီယာစံ တို့နှစ်ဦးသည် သူငယ်ချင်းများဖြစ်ကြသည်။ သူတို့၂ဦးသည် နောက်လတွင် တစ်ညအိပ်နှစ်ရက်ခရီးကို အတူတူသွားရန်အတွက် ခရီးစဉ်ကိုတိုင်ပင်နေကြသည်။

ディアナ　　ソフィア





**(1) はじめに、スクリプトを見ないで会話を聞きましょう。** 05-08
ပထမဦးစွာ စာသားကိုမကြည့်ဘဲ စကားပြောကိုနားထောင်ကြရအောင်။

1. 2人は、どこに行くことにしましたか。
သူတို့၂ဦးသည် မည်သည့်နေရာသို့သွားရန်ဆုံးဖြတ်ခဲ့ပါသလဲ။

| どこに行く? | |
|---|---|

2. 2人は、旅行先で何をすることにしましたか。することに○、しないことに×を書きましょう。
သူတို့၂ဦး သည် သွားမည့်ခရီးတွင် မည်သည့်အရာများကိုလုပ်ရန် ဆုံးဖြတ်ခဲ့ပါသလဲ။ လုပ်မည့်အရာများတွင် ○၊ မလုပ်မည့်အရာများတွင် ×ကို ရေးကြရအောင်။

| 何をする? | |
|---|---|
| | a. ボートに乗る　(　　)　b. サイクリングする　(　　)<br>c. 遊園地に行く　(　　)　d. 温泉に入る　(　　)<br>e. うどんを食べる　(　　) |

3. 2人は、どうやって行くことにしましたか。それは、どうしてですか。
သူတို့၂ဦး သည် မည်သို့သွားရန် ဆုံးဖြတ်ခဲ့ပါသလဲ။ အဲ့ဒါက ဘာကြောင့်ပါလဲ။

| どうやって行く? | |
|---|---|
| どうして? | |


©The Japan Foundation

## (2) スクリプトを見ながら聞きましょう。 05-08

စာသားကိုကြည့်ရင်း နားထောင်ကြရအောင်။

ディアナ：行き先はどこにしますか？

ソフィア：うーん、ディアナさんは、どんなところがいいですか？

ディアナ：そうですねえ、私は、景色がきれいなところがいいです。

ソフィア：じゃあ、富士山の近くはどうですか？

ディアナ：え、富士山？ 何があるんですか？

ソフィア：きれいな湖があります。

湖と富士山がいっしょに見られて、すごくきれいだそうですよ。

ディアナ：そうなんですか。ちょっと写真を見てみます。

……あー、きれい！ いいですね。

ソフィア：本当ですね。じゃあ、富士山にしましょう。

------------------

ディアナ：そこで何をしますか？

遊べるところはありますか？

ソフィア：湖でボートに乗れますよ。

ディアナ：あ、いいですね。

あと、レンタサイクルがありますよ。

自転車を借りて、サイクリングしませんか？ 楽しそう！

ソフィア：ごめんなさい……。私、自転車乗れないんです……。

> ごめんなさい စိတ်မရှိပါနဲ့
>
> 軽く謝る表現
> ပေါ့ပေါ့ပါးပါးတောင်းပန်သည့် အသုံးအနှုန်း

ディアナ：え、そうですか。

ソフィア：あの、近くに遊園地がありますよ。

ディアナ：いいですね。行きましょう。

ソフィア：それから、温泉もありますよ。どうですか？

ディアナ：うーん、ほかの人といっしょにお風呂に入るのは、ちょっと……。

ソフィア：そうですか。あと、うどんがおいしいって聞きました。

ディアナ：あ、食べたいです。

------------------

 ©The Japan Foundation

ディアナ　：どうやって行(い)きますか?

ソフィア　：バスで行(い)けますよ。
　　　　　　安(やす)くて便利(べんり)だって先輩(せんぱい)が言(い)ってました。

ディアナ　：そうなんですか。
　　　　　　バスはどこから出発(しゅっぱつ)しますか?

ソフィア　：ちょっと見(み)てみますね。
　　　　　　新宿(しんじゅく)からですね。

ディアナ　：それなら便利(べんり)ですね。

ソフィア　：楽(たの)しみですね。




行(い)き先(さき) သွားမည့်နေရာ ｜ 湖(みずうみ) ရေအိုင် / ရေကန် ｜ レンタサイクル အငှားစက်ဘီး ｜ 先輩(せんぱい) စီနီယာ
出発(しゅっぱつ)する ထွက်ခွာသည်


©The Japan Foundation

## 形に注目

（1）音声を聞いて、＿＿＿＿＿＿にことばを書きましょう。 05-09
အသံကိုနားထောင်၍ ＿＿＿＿ တွင် စကားလုံးများကိုရေးကြရအောင်။

A：どんなところがいいですか？
B：私は、景色がきれいな＿＿＿＿＿＿＿がいいです。

遊べる＿＿＿＿＿＿＿はありますか？

湖と富士山がいっしょに見られて、すごくきれいだ＿＿＿＿＿＿＿＿＿よ。

うどんがおいしい＿＿＿＿＿＿＿＿＿＿＿＿。

(バスが) 安くて便利だ＿＿＿＿先輩が＿＿＿＿＿＿＿＿＿。

❗ 行きたい場所について説明するとき、どんな形を使っていましたか。 ➡ 文法ノート❷
သွားချင်သောနေရာများနှင့်ပတ်သက်ပြီးရှင်းပြသည့်အခါ မည်သည့်သဒ္ဒါပုံစံကို အသုံးပြုခဲ့ပါသလဲ။

❗ ほかの人から聞いた話を伝えるとき、どんな形を使っていましたか。 ➡ 文法ノート❸
အခြားသူထံမှ ကြားခဲ့သည့်စကားကို ပြန်ပြောသည့်အခါ မည်သည့်သဒ္ဒါပုံစံကို အသုံးပြုခဲ့ပါသလဲ။

（2）形に注目して、会話をもういちど聞きましょう。 05-08
သဒ္ဒါပုံစံကိုသတိပြုပြီး စကားပြောကို နောက်တစ်ကြိမ် နားထောင်ကြရအောင်။


©The Japan Foundation

## 2 旅行の計画を話しましょう。

ခရီးစဉ်အစီအစဉ်အကြောင်းပြောကြရအောင်။

### ① 行き先

行き先はどこにしますか？

どんなところがいいですか？

私は、**景色がきれいな** ところがいいです。

じゃあ、**富士山の近く** はどうですか？

**きれいな湖** があります。

**すごくきれいだ** そうです。

そうですか。じゃあ、そうしましょう。

### ② すること

そこで何をしますか？

**湖でボートに乗れます** よ。**乗り** ませんか？

**レンタサイクル** がありますよ。**サイクリング** しませんか？

**うどんがおいしい** って聞きました。どうですか？

いいですね。

うーん……。

### ③ 行き方

どうやって行きますか？

**バスが安くて便利だ** って **先輩** が言ってました。

**バスで行ける** って聞きました。

**バス** で行けますよ。

そうですか。じゃあ、**バス** にしましょう。


©The Japan Foundation

**（1）会話を聞きましょう。** 05-10 05-11 05-12

စကားပြောကိုနားထောင်ကြရအောင်။

**（2）シャドーイングしましょう。** 05-10 05-11 05-12

နောက်ကထက်ကြပ်မကွာလိုက်ဆိုကြရအောင်။

**（3）ロールプレイをしましょう。**

**今度、友だちと旅行に行きます。①行き先、②すること、③行き方を決めましょう。行き先は、日本の観光地でも、自分の国の観光地でもいいです。自分が知っている場所について話しましょう。**

အောက်ပါအခြေအနေများကို Role-play လုပ်ကြရအောင်။ ဤတစ်ကြိမ်တွင် သူငယ်ချင်းနှင့်ခရီးသွားပါမည်။ ① သွားမည့်နေရာ၊ ② လုပ်မည့်အရာ၊ ③ မည်သို့သွားကြမည် ဆိုသည်ကို ဆုံးဖြတ်ကြရအောင်။ သွားမည့်နေရာမှာ ဂျပန်နိုင်ငံ၏ခရီးသွားဒေသပင်ဖြစ်စေ၊ မိမိနိုင်ငံ၏ ခရီးသွားဒေသပင်ဖြစ်စေ ရပါသည်။ မိမိသိထားသောနေရာများနှင့်ပတ်သက်ပြီး ပြောကြရအောင်။


©The Japan Foundation

# 3. どんなところに泊(と)まったらいいですか？

Can-do 21
計画中(けいかくちゅう)の旅行(りょこう)について、ほかの人(ひと)にアドバイスを求(もと)めたり、アドバイスをしたりすることができる。
စီစဉ်နေသည့် ခရီးစဉ်နှင့်ပတ်သက်ပြီး အခြားသူများ၏ အကြံဉာဏ်တောင်းခံခြင်း၊ အကြံပေးခြင်းများ ပြုလုပ်နိုင်သည်။


## 1 ことばの準備(じゅんび)

စကားလုံးများကို ကြိုတင်လေ့လာခြင်း

【旅行(りょこう)】

◉ 泊(と)まるところ


a. ホテル



b. 旅館(りょかん)



c. 民宿(みんしゅく)




◉ 交通手段(こうつうしゅだん)


d. バス




e. 電車(でんしゃ)




f. 船(ふね)



g. 飛行機(ひこうき)




h. 車(くるま)



◉ 準備(じゅんび)するもの

i. スキー板(いた)



j. スキーウェア



k. 手袋(てぶくろ)



l. 帽子(ぼうし)



m. サングラス




n. 水着(みずぎ)





©The Japan Foundation

◉ 食べるもの

o. 天ぷら




p. そば



q. うどん



r. すし



（1）絵を見ながら聞きましょう。 05-13
ရုပ်ပုံကိုကြည့်ရင်း နားထောင်ကြရအောင်။

（2）聞いて言いましょう。 05-13
နားထောင်ပြီးပြောကြရအောင်။

（3）聞いて、a-r から選びましょう。 05-14
နားထောင်ပြီး a-r ထဲမှ ရွေးကြရအောင်။

## 2 会話を聞きましょう。

စကားပြောကိုနားထောင်ကြရအောင်။

► 4人の人が、旅行のアドバイスを聞いています。
လူ ၄ ဦး က ခရီးသွားအကြံပြုချက်များကို နားထောင်နေပါသည်။





©The Japan Foundation

## (1) 何について質問しましたか。ア - エから選びましょう。

မည်သည့်အကြောင်းအရာနှင့်ပတ်သက်ပြီး မေးခဲ့ပါသလဲ။ ア–エ ထဲမှ ရွေးကြရအောင်။

ア. 泊まるところ　　イ. 交通手段　　ウ. 準備するもの　　エ. 食べるもの

| | ①日光 05-15 | ②奈良 05-16 | ③富山 05-17 | ④長野(スキー) 05-18 |
|---|---|---|---|---|
| 何について? | | | | |

## (2) もういちど聞きましょう。答えは何ですか。メモしましょう。

နောက်တစ်ကြိမ် နားထောင်ကြရအောင်။ အဖြေကဘာဖြစ်ပါသလဲ။ မှတ်စု လိုက်မှတ်ကြရအောင်။

| | ①日光 05-15 | ②奈良 05-16 | ③富山 05-17 | ④長野(スキー) 05-18 |
|---|---|---|---|---|
| 答え | | | | |

## (3) もういちど聞きましょう。

ほかに、どんなアドバイスをしていますか。(　　　　) にことばを書きましょう。

နောက်တစ်ကြိမ် နားထောင်ကြရအောင်။ အခြား မည်သည့်အကြံဉာဏ်များကို ပေးနေပါသလဲ။ (　　) တွင် စကားလုံးများကိုရေးကြရအောင်။

| | ①日光 05-15 | ②奈良 05-16 | ③富山 05-17 | ④長野 (スキー) 05-18 |
|---|---|---|---|---|
| アドバイス | 厚い (　　　　) を持って行く。 | 早く計画を立てて、(　　　　) する。 | (　　　　) に行かない。 | 帽子と手袋はこっちで (　　　　) 持って行く。 |

## (4) ことばを確認して、もういちど聞きましょう。 05-15 ～ 05-18

စကားလုံးများကိုဖတ်ပြီး နောက်တစ်ကြိမ် နားထောင်ကြရအောင်။

① 紅葉 သစ်ရွက်အရောင်ပြောင်းခြင်း | かなり အတော်အတန် | 上着 အပေါ်အင်္ကျီ
② 小さな သေးငယ်သော | 宿 တည်းခိုခန်း | 時期 အချိန်ရာသီ | 調べる စစ်ဆေးသည်
③ くわしい အသေးစိတ် | 回転ずし ရွေ့လျားဆုရှိဆိုင် | 並ぶ တန်းစီသည်
④ 日焼けする နေလောင်သည် | スキー場 နှင်းလျှောစီးအပန်းဖြေစခန်း


©The Japan Foundation

## 形に注目

（１）音声を聞いて、＿＿＿＿＿＿にことばを書きましょう。 05-19
အသံကိုနားထောင်၍ ＿＿＿＿ တွင် စကားလုံးများကိုရေးကြရအောင်။

何で行っ＿＿＿＿＿＿＿＿ですか？

どんなところに泊まっ＿＿＿＿＿＿＿＿ですか？

何を食べ＿＿＿＿＿＿＿＿ですか？

何を準備し＿＿＿＿＿＿＿＿ですか？

厚い上着を持って行った＿＿＿＿＿＿＿＿ですよ。

早く計画を立てて、予約した＿＿＿＿＿＿＿＿よ。

できれば、日曜日は行かない＿＿＿＿＿＿＿＿ですよ。

帽子と手袋は、自分で買った＿＿＿＿＿＿＿＿よ。

高いから、こっちで買って、持って行った＿＿＿＿＿＿＿＿と思うよ。

! アドバイスを求めるとき、どんな形を使っていましたか。 ➡ 文法ノート❹
အကြံဉာဏ်တောင်းသည့်အခါ မည်သည့်သဒ္ဒါပုံစံကို အသုံးပြုခဲ့ပါသလဲ။

! 注意点などをアドバイスするとき、どんな形を使っていましたか。 ➡ 文法ノート❺
သတိပြုစရာများကို အကြံဉာဏ်ပေးသည့်အခါ မည်သည့်သဒ္ဒါပုံစံကို အသုံးပြုခဲ့ပါသလဲ။

（２）形に注目して、会話をもういちど聞きましょう。 05-15 ～ 05-18
သဒ္ဒါပုံစံကိုသတိပြုပြီး စကားပြောကို နောက်တစ်ကြိမ် နားထောင်ကြရအောင်။


©The Japan Foundation

## 3 旅行のアドバイスをしましょう。

ခရီးသွားအကြံဉာဏ်များပေးကြရအောင်။

今度、日光に紅葉を見に行くんですけど、何で行ったらいいですか？
今度、奈良に旅行に行くんですけど、どんなところに泊まったらいいですか？
今度、富山に行くんですけど、何を食べたらいいですか？

↘

電車で行けますよ。
民宿もいいですよ。
おすしがおすすめです。

↙

そうですか。

↘

上着を持って行ったほうがいいですよ。
早く予約したほうがいいですよ。
でも、日曜日は行かないほうがいいですよ。

（1）会話を聞きましょう。 05-20 05-21 05-22
စကားပြောကိုနားထောင်ကြရအောင်။

（2）シャドーイングしましょう。 05-20 05-21 05-22
နောက်ကထက်ကြပ်မကွာလိုက်ဆိုကြရအောင်။

（3）2 の会話の内容で、練習しましょう。
2 ၏စကားပြောပါ အကြောင်းအရာများဖြင့် လေ့ကျင့်ကြရအောင်။

（4）旅行のアドバイスを求める人と、アドバイスをする人になって、ロールプレイをしましょう。
自分の国の観光地など、旅行先を決めてから話しましょう。
ခရီးသွားအကြံဉာဏ်တောင်းသည့်သူနှင့် အကြံဉာဏ်ပေးသည့်သူအဖြစ် Role-play လုပ်ကြရအောင်။ မိမိနိုင်ငံ၏ခရီးသွားလည်ပတ်စရာနေရာများစသည့် ခရီးသွားမည့်နေရာကိုသတ်မှတ်ပြီးပြောကြရအောင်။


©The Japan Foundation

# 4. 旅行の口コミ

**Can-do 22**
**旅行サイトの口コミを読んで、だいたいの内容を理解することができる。**
ခရီးသွားဝက်ဘ်ဆိုဒ်၏ review များကိုဖတ်ပြီး အကြောင်းအရာကို အကြမ်းဖျင်း နားလည်သဘောပေါက်နိုင်သည်။

## 1 旅行サイトの口コミを読みましょう。

ခရီးသွားသတင်းအချက်အလက်များကို review ရေးထားသည့် ဝက်ဘ်ဆိုဒ်ကို ဖတ်ကြရအောင်။

► 富士山の近くにある河口湖の口コミを読んでいます。
ဖူဂျီတောင်အနီးရှိ ခါဝဂုချိရေကန်အကြောင်းကို ဖတ်နေသည်။

**(1) はじめに、口コミのタイトルだけ読んで、どんなことが書いてあるか考えましょう。**
ပထမဦးဆုံး ခေါင်းစဉ်ကိုသာဖတ်ပြီး မည်သည့်အကြောင်းအရာများရေးထားသလဲဆိုသည်ကိုစဉ်းစားရအောင်။

トラベルレポーター
保護された通信 | https://

トラベルレポーター　検索　ログイン

宿泊　観光　グルメ　旅券

**あやの**さんが口コミを投稿しました
(20　年 4 月 25 日)

**きれいな富士山に満足**
★★★★☆
日帰りで行ってきました。湖からはとても美しい富士山が見えました。いい写真がたくさん撮れました！湖でボートに乗りました。とてもきもちよかった！湖のまわりのレストランで食事をしましたが、観光客が多くて、とても時間がかかりました。



---

**saji** さんが口コミを投稿しました
(20　年 10 月 10 日)

**露天風呂でゆっくり**
★★★☆☆
ロープウェイに乗りましたが、天気が悪くて、富士山がまったく見られませんでした。まだ紅葉もなくて、寒いだけでした。でも、近くにいろいろな観光地があるのはよかったです。とくに温泉。ゆっくりと露天風呂に入りました。帰りにオルゴール美術館に寄ってみましたが、意外に楽しめました。


©The Japan Foundation

**(2) a-g のことは、あやのさん、saji さんのどちらがしたことですか。**

**よかったこと、よくなかったことに分(わ)けて、表(ひょう)に整理(せいり)しましょう。**

a-g မှ အကြောင်းအရာများကို အယနိုစံ နှင့် ဆာဂျီစံ တို့အနက် မည်သူက လုပ်ခဲ့ပါသလဲ။ ကောင်းခဲ့သည်နှင့် မကောင်းခဲ့သည်များကို ခွဲခြားပြီး ဇယားတွင် အစီအစဉ်အတိုင်း စီပေးရအောင်။

a. 富士山(ふじさん)を見(み)た
b. ボートに乗(の)った
c. 写真(しゃしん)を撮(と)った
d. オルゴール美術館(びじゅつかん)に行(い)った
e. ロープウェイに乗(の)った
f. 湖(みずうみ)のそばのレストランで食事(しょくじ)をした
g. 露天風呂(ろてんぶろ)に入(はい)った

| | よかったこと | よくなかったこと |
|---|---|---|
| あやのさん | , , | |
| saji さん | , | |

大切(たいせつ)なことば

日帰(ひがえ)り နေ့ချင်းပြန်ခရီး | まったく〜ない လုံးဝ〜မရှိ | 寄(よ)る ခေတ္တဝင်ရောက်သည် | 意外(いがい)に မမျှော်လင့်ဘဲ
楽(たの)しむ သာယာကြည်နူးသည် / ပျော်ရွှင်ခံစားသည်


©The Japan Foundation

# 聴解スクリプト

## 1. いつか行ってみたいです

①　05-03

A：昨日、テレビで北海道の番組を見たんです。きれいなところですね。

B：ええ。自然も豊かだし、食べ物もおいしいし、とてもいいところですよ。

A：へー。

B：特に魚がおいしくて、新鮮なカニとかウニとか食べられますよ。

A：えー、いいですね。いつか行ってみたいです。

---

②　05-04

A：太田さん、前に東京に住んでいたそうですね。どんなところですか？

B：うーん、やっぱり人が多いよね。
電車も混んでいて、ラッシュのときはすごく大変だよ。

A：そうですか。

B：でも、遊ぶところがいろいろあるから、一日中遊べるよ。

A：へー、いいなあ。

---

③　05-05

A：いつか沖縄に行ってみたいんです。海がきれいですよね。

B：ええ、きれいですよ。それに暖かいから、春から秋まで泳げますよ。
シュノーケリングもできますし。

A：そうなんですか。

B：あと、大きい水族館があって、きれいな魚が見られますよ。

A：行きたいですね。

---

④　05-06

A：北村さん、京都はどんなところですか？　一度行ってみたいんです。

B：そうだなあ、古い町で、お寺とか神社がたくさん見られるよ。

A：そうですか。

B：あと、いろいろな日本のお土産が買えるし、海外からの観光客にも
すごく人気があるよね。

A：そうですよね。


©The Japan Foundation

## 3. どんなところに泊まったらいいですか？

① 05-15

A：あのう、ちょっと聞きたいことがあるんですけど……。

B：何ですか？

A：今度、日光に紅葉を見に行くんですけど、何で行ったらいいですか？

B：日光ですか、いいですね。

日光までなら、電車で行けますよ。時間もあまりかかりませんし。

A：電車ですね。わかりました。

B：秋の日光は、かなり寒いですよ。

ジャンパーとか、厚い上着を持って行ったほうがいいですよ。

A：そうなんですか。ありがとうございます。

---

② 05-16

A：ナディアさん、夏休みはどうするの？

B：友だちと奈良に旅行に行きたいです。

A：いいね。

B：あのう、日本の旅館に泊まってみたいんですけど、高いですか？

A：うーん、安いところもあるし、高いところもあるし、いろいろ。

B：どんなところに泊まったらいいですか？

A：安いところがいいなら、民宿もいいよ。知ってる？

B：みんしゅく？

A：えっと……、家族でやってる小さな宿。

B：へー、民宿ですか。

A：あ、でも、夏休みの時期はすごく混むから、早く計画を立てて、

予約したほうがいいよ。

B：そうですか。調べてみます。


©The Japan Foundation

③ 05-17

A：今度、富山に行くんですけど、和田さん、くわしいですよね。

B：ええ。兄が住んでるから、よく遊びに行くんです。

A：富山では、何を食べたらいいですか？

B：そうですねえ、富山はやっぱりおすしですね。

「さか寿司」という店は、回転ずしだけど、本当においしいですよ。

安いし、おすすめです。

A：「さか寿司」ですね。行ってみます。

B：でも、できれば、日曜日は行かないほうがいいですよ。

A：え、どうしてですか？

B：日曜日はすごく混むんですよ。1時間ぐらい並びますよ。

A：へー。

---

④ 05-18

A：内田さん、日焼けしましたね。

B：うん、長野にスキーに行ってきたんだ。

ナムさんは、スキー、したことある？

A：ないです。

B：じゃあ、今度いっしょにどう？

A：いいですね。でも、道具とか何も持ってないんです。

何を準備したらいいですか？

B：スキー板とかウェアはスキー場で借りられるから、だいじょうぶだよ。

A：そうなんですか。

B：うん。でも、帽子と手袋は、自分で買ったほうがいいよ。

A：スキー場で買えないですか？

B：買えるけど、高いから、こっちで買って、持って行ったほうがいいと思うよ。

A：わかりました。


©The Japan Foundation

# 漢字（かんじ）のことば

**1** 読（よ）んで、意味（いみ）を確認（かくにん）しましょう。
ဖတ်ပြီးအဓိပ္ပာယ်ရှာကြရအောင်။

| | | |
|---|---|---|
| 自然（しぜん） | 自然 | 自然 |
| 交通（こうつう） | 交通 | 交通 |
| 船（ふね） | 船 | 船 |
| 自転車（じてんしゃ） | 自転車 | 自転車 |
| 旅館（りょかん） | 旅館 | 旅館 |
| 東京（とうきょう） | 東京 | 東京 |
| 計画（けいかく） | 計画 | 計画 |
| 遊（あそ）ぶ | 遊ぶ | 遊ぶ |
| 調（しら）べる | 調べる | 調べる |
| 出発（しゅっぱつ）する | 出発する | 出発する |

**2** ＿＿＿の漢字（かんじ）に注意（ちゅうい）して読（よ）みましょう。
မျဉ်းတားထားသည့် ခန်းဂျိကို ဂရုစိုက်ပြီး ဖတ်ကြရအောင်။

① 東京は、交通が便利（べんり）です。
② 何時（なんじ）に出発しますか？
③ 日本（にほん）は、自然が豊（ゆた）かです。
④ 自転車を借（か）りて、遊びました。
⑤ 船の時間（じかん）は、どうやって調べたらいいですか？
⑥ 旅館に泊（と）まってみたいです。
⑦ 旅行（りょこう）の計画を立（た）てています。

**3** 上（うえ）の＿＿＿のことばを、キーボードやスマートフォンで入力（にゅうりょく）しましょう。
အထက်တွင် မျဉ်းတားထားသည့် စကားလုံးကို ကီးဘုတ် သို့မဟုတ် စမတ်ဖုန်းဖြင့် ရိုက်ကြည့်ရအောင်။


©The Japan Foundation

# 文法ノート

## ❶ V-(られ)ます ＜စွမ်းရည်ပြပုံစံ/ ဖြစ်နိုင်ခြေရှိကြောင်းပြပုံစံ 可能形①＞

新鮮なカニとかウニとか食べられますよ。
လတ်ဆတ်တဲ့ ဂဏန်း နဲ့ သံပချြပ်တို့ရနိုင်ပါတယ်။

- အခြေခံအဆင့် (၁) သင်ခန်းစာ (၅) တွင် この店では、おいしいそばを食べることができます (ဒီဆိုင်မှာ အရသာရှိတဲ့ soba စားလို့ရနိုင်တယ်) ကဲ့သို့ အဘိဓာန်ပုံစံကြိယာ +ことができる သည် အခြေအနေတစ်ခုလုပ်လို့ရနိုင်သည်ကို ဖော်ပြသည်ကို လေ့လာခဲ့ပြီးဖြစ်သည်။ 食べることができます သည် 食べられます (食べられる) ဆိုသည့် ကြိယာပုံစံကို သုံးပြီးပြောနိုင်သည်။
- ထိုကဲ့သို့သော ကြိယာပုံစံကို စွမ်းရည်ပြပုံစံ/ ဖြစ်နိုင်ခြေရှိကြောင်းပြပုံစံဟုခေါ်သည်။ စွမ်းရည်ပြပုံစံ/ ဖြစ်နိုင်ခြေရှိကြောင်းပြပုံစံသည် လုပ်နိုင်ခြင်းကိုဖော်ပြသည်။
- ကံလိုကြိယာစာကြောင်း NをV သည် စွမ်းရည်ပြပုံစံ/ ဖြစ်နိုင်ခြေရှိကြောင်းပြပုံစံပြောင်းသည့်အခါ NがV-(られ)ます ဖြစ်မည်။ カニを食べる သည် カニが食べられる ဖြစ်မည်။

- 『初級 1』第 5 課では、「この店では、おいしいそばを食べることができます。」のように、「動詞の辞書形 + ことができる」がある状況において可能なことを表すことを勉強しました。「食べることができます」は、「食べられます (食べられる)」という動詞の形を使って言うこともできます。
- このときの動詞の形を可能形といいます。可能形は、できることを表します。
- 他動詞の文「N を V」は、動詞が可能形になると、「N が V-(られ) ます」となります。「カニを食べます。」は、「カニが食べられます。」のようになります。

**[ 例 ]**
► 沖縄は、暖かいから、春から秋まで泳げるよ。シュノーケリングもできるし。
အိုကီနာဝါက ရာသီဥတုပူနွေးတာကြောင့် နွေဦးရာသီကနေ ဆောင်းဦးရာသီအထိ ရေကူးနိုင်ပါတယ်။ ရေအောက်အားကစား ပြိုင်ပွဲတွေလည်း လုပ်နိုင်တယ်။
► 京都は古い町で、お寺とか神社がたくさん見られるよ。
ကျိုတိုမြို့က ရှေးဟောင်းမြို့တော်ဖြစ်တာကြောင့် ဘုရားကျောင်းနှင့် နတ်ကွန်းတွေ အများအပြားတွေ့နိုင်ပါတယ်။

### ◆ စွမ်းရည်ပြပုံစံ/ ဖြစ်နိုင်ခြေရှိကြောင်းပြပုံစံ (ဟုတ်မှန်ကြောင်းပြ) 可能形の作り方 (肯定)

| | သဏ္ဍာန်ပြောင်းလဲခြင်းစည်းမျဉ်းစည်းကမ်းများ 活用規則 | | ဥပမာ [ 例 ] |
|---|---|---|---|
| | အဘိဓာန်ပုံစံ 辞書形 | စွမ်းရည်ပြပုံစံ/ ဖြစ်နိုင်ခြေရှိကြောင်းပြပုံစံ 可能形 | |
| 1 グループ | -u | -e +る | 作る (tsukur + u) → 作れる (tsukur + e + る)<br>飲む (nom + u) → 飲める (nom + e + る)<br>泳ぐ (oyog + u) → 泳げる (oyog + e + る) |
| 2 グループ | - る | -rare +る | 見る → 見られる (見れる *)<br>食べる → 食べられる (食べれる *) |
| 3 グループ | ပုံမှန်မဟုတ်သောသဏ္ဍာန်ပြောင်းလဲခြင်း 不規則活用 | | する → できる<br>来る → 来られる (来れる *) |

* အုပ်စု ၂ ကြိယာများနှင့် အုပ်စု ၃ ကြိယာ 来る များတွင် 見れる၊ 食べれる၊ 来れる တို့ကဲ့သို့ ら ကိုဖြုတ်ပြီး အသုံးပြုနိုင်သည်။
2 グループの動詞と 3 グループの動詞「来る」は、「見れる」「食べれる」「来れる」のように、「ら」がつかない言い方もあります。


©The Japan Foundation

## ❷ ～ところ

遊べるところはありますか？
ဆော့ကစားနိုင်မယ့်နေရာရှိပါသလား။

- ところ သည် နေရာဆိုသည့်အဓိပ္ပာယ်ကိုဖော်ပြသော စကားလုံးဖြစ်သည်။ ところ ၏ရှေ့တွင် မည်သို့သောနေရာဖြစ်သည်ဆိုသည်ကို ဖော်ပြသောစကားလုံးများနှင့်တွဲ၍ 遊べるところ (ဆော့ကစားနိုင်မယ့်နေရာ)၊ 景色がきれいなところ (ရှုခင်းလှတဲ့နေရာ)၊ 食べ物がおいしいところ (အစားအသောက်ကောင်းတဲ့နေရာ)၊ 買い物ができるところ (ဈေးဝယ်လို့ရတဲ့နေရာ) စသည်ဖြင့် နေရာကိုရှင်းပြနိုင်သည်။

- 「ところ」は、場所を意味する言葉です。「ところ」の前に、どんな場所かを表す言葉をつけて、「遊べるところ」「景色がきれいなところ」「食べ物がおいしいところ」「買い物ができるところ」のように、場所を説明することができます。

[例] ► 一日、ゆっくりできるところに行きたいです。
တစ်နေ့လုံးအေးအေးဆေးဆေးနေနိုင်မယ့်နေရာကိုသွားချင်ပါတယ်။

► A：大阪はどんなところですか？
အိုဆာကာမြို့ဟာဘယ်လိုနေရာလဲ။

B：にぎやかで、食べ物がおいしいところです。
လူစည်ကားပြီး အစားအသောက်ကောင်းတဲ့နေရာပါ။

## ❸ S (သာမန်ပုံစံ 普通形) って 聞きました / って 言っていました

うどんがおいしいって聞きました。
Udon ကအရသာရှိတယ်လို့ ကြားတယ်။

バスが安くて便利だって先輩が言ってました。
ဘတ်စ်ကားကဈေးသက်သာပြီး အဆင်ပြေတယ်လို့ စီနီယာကပြောတယ်။

- ဂုဏ်သတင်း၊ ကောလဟာလ၊ သတင်း စသည့် မိမိကြားခဲ့သည်များ၊ အခြားလူများက ပြောနေသည်များကို သူတစ်ပါးအား ပြန်ပြောသည့်အခါတွင် သုံးသောပုံစံဖြစ်သည်။
- အခြေခံအဆင့် (၁) သင်ခန်းစာ (၁၈) တွင် S (သာမန်ပုံစံ) と言っていましたと ဟူသည့် ပြောပုံပြောနည်းကို လေ့လာခဲ့သည်။ ကိုးကားချက်ကိုဖော်ပြသည့် と သည် စကားပြောပုံစံတွင် って ဟုဖြစ်မည်။
- うどんがおいしいって。(udon ကောင်းတယ်တဲ့) ကဲ့သို့သော စာကြောင်း၏အဆုံးတွင် って ဖြင့်သာ အဆုံးသတ်၍ ပြောနိုင်ပါသည်။

- 評判や噂、ニュースなど自分が聞いたことや、ほかの人が言っていたことを、人に伝えるときの言い方です。
- 『初級 1』第 18 課では、「S（普通形）と言っていました」という言い方を勉強しました。引用を示す「と」は、カジュアルな話し言葉では「って」となります。
- 「うどんがおいしいって。」のように「って」だけで使うこともできます。

[例] ► 友だちが、秋の日光は渋滞して大変だって言ってました。
သူငယ်ချင်းက ဆောင်းဦးရာသီမှာ နစ်ကိုးသွားရတာ လူပြည့်ကျပ်ပြီး တော်တော်ပင်ပန်းတယ်လို့ပြောတယ်။

► 京都は豆腐料理が有名だって聞きました。
ကျိုတိုမြို့က တိုဟူးဟင်းက နာမည်ကြီးတယ်လို့ကြားတယ်။


©The Japan Foundation

► A：田中（たなか）さんもいっしょに旅行（りょこう）、行（い）きたいって。
တနကစံလည်း အတူတူခရီးသွားချင်တယ်တဲ့။

B：そうですか。
ဟုတ်လား။

## ❹ 【အမေးစကားလုံး 疑問詞（ぎもんし）】V- たらいいですか？

日光（にっこう）に行（い）くんですけど、何（なに）で行（い）ったらいいですか？
နစ်ကိုး ကိုသွားမလို့ ဘာနဲ့သွားရင်ကောင်းမလဲ။

- လုပ်ပုံကိုင်ပုံနှင့် နည်းလမ်းများ၊ ကြီးကြပ်စီမံပုံနှင့် ပတ်သက်၍ တစ်ဖက်လူအား အကြံဉာဏ်တောင်းသည့်အခါတွင် ပြောသောပုံစံဖြစ်သည်။ ဤသင်ခန်းစာတွင် ခရီးသွားရာတွင် ယာဉ်၊ တည်းခိုမည့်နေရာ၊ ပြင်ဆင်ရမည့်အရာများနှင့် ပတ်သက်၍ အကြံဉာဏ်ရယူရန်အတွက် သုံးသည်။
- ကြိယာ၏ タ ပုံစံနောက်တွင် ら နှင့်တွဲ၍ たら ဟုပြောင်းပြီး いいですか?ကို တွဲသုံးသည်။ (※ V-たら ပုံစံနှင့်ပတ်သက်ပြီး သင်ခန်းစာ (၇) တွင် အသေးစိတ်ပါရှိသည်။)
- 何（なに）を (ဘာကို)၊ いつ (ဘယ်တော့)၊ どこに (ဘယ်နေရာမှာ)၊ どうやって (ဘယ်လိုလုပ်ပြီး) စသည့် အမေးစကားလုံးများနှင့် တွဲသုံးသည်။

- 手段や方法、対処の仕方について、相手にアドバイスを求めるときの言い方です。この課では、旅行先での交通手段や、宿泊先、準備するものなどをアドバイスしてもらうために使っています。
- 動詞の夕形に「ら」をつけて、「たら」にしてから、「いいですか?」をつけます。（※「V- たら」の形については、第７課でくわしく取り上げます。）
- 「何を」「いつ」「どこに」「どうやって」などの疑問詞といっしょに使います。

［例（れい）］ ► A：どんなところに泊（と）まったらいいですか？
ဘယ်လိုနေရာမှာတည်းရင်ကောင်းမလဲ။

B：民宿（みんしゅく）がおすすめだよ。
ပုဂ္ဂလိကတည်းခိုခန်းကကောင်းတယ်။

► お土産（みやげ）は、どこで買（か）ったらいいですか？
အမှတ်တရလက်ဆောင်တွေဘယ်မှာဝယ်ရင်ကောင်းမလဲ။

## ❺

| V- た<br>V- ない | ほうがいいです |
|---|---|

厚（あつ）い上着（うわぎ）を持（も）って行（い）ったほうがいいですよ。
အနွေးထည်ထူထူယူသွားတာကောင်းမယ်။

できれば、日曜日（にちようび）は行（い）かないほうがいいですよ。
ဖြစ်နိုင်ရင် တနင်္ဂနွေနေ့မသွားတာကောင်းမယ်။

- အကြံပေးသည့်အခါတွင်ပြောသောပုံစံဖြစ်သည်။
- V-たほうがいい သည် ကြိယာ၏ タ ပုံစံနောက်တွင်ဆက်သုံးပြီး လုပ်ရင်ကောင်းမယ်ဆိုသည့် အကြံပေးခြင်းကိုဖော်ပြသည်။
- V-ないほうがいい သည် ကြိယာ၏ ナイ ပုံစံနောက်တွင် ဆက်သုံးပြီး မလုပ်ရင်ကောင်းမယ်ဆိုသည့် အကြံပေးခြင်းကိုဖော်ပြသည်။


©The Japan Foundation

- အခြေခံအဆင့် (၁) သင်ခန်းစာ (၁၆) တွင် ပေါ့ပေါ့ပါးပါးအကြံပေးသည့်အခါ၌ V-るといい ကို အသုံးပြုကြောင်း လေ့လာခဲ့သည်။ V-た／ないほうがいい သည် V-るといい နှင့်နှိုင်းယှဉ်ပါက အလေးထားအကြံပေးထားပြီး ထိုသို့မလုပ်လျှင် အဆင်မပြေမှုများဖြစ်လိမ့်မည်ဆိုသည့် အဓိပ္ပာယ်ပါဝင်သည်။

- アドバイスするときの言い方です。
- 「V- たほうがいい」は、動詞のタ形に接続して、したほうがいいことのアドバイスを表します。
- 「V- ないほうがいい」は、動詞のナイ形に接続して、しないほうがいいことのアドバイスを表します。
- 『初級 1』第 16 課では、軽いアドバイスをするときに「V- るといい」を使うことを勉強しました。「V- た／ないほうがいい」は、「V- るといい」に比べてやや強めのアドバイスで、そうしないと不都合が生じるというニュアンスを含んでいます。

**[例(れい)]** ► あのレストランは人気(にんき)なので、予約(よやく)して行(い)ったほうがいいですよ。
အဲဒီစားသောက်ဆိုင်ကလူကြိုက်များလို့ ကြိုတင်ဘွတ်ကင်လုပ်ပြီးမှသွားတာကောင်းမယ်။

► お土産(みやげ)は、ここで買(か)わないほうがいいですよ。
လက်ဆောင်ပစ္စည်းကဒီမှာမဝယ်တာကောင်းမယ်။


©The Japan Foundation

日本の生活 TIPS

## 日本(にほん)の観光地(かんこうち) 1 (北海道(ほっかいどう)／東京(とうきょう)／京都(きょうと)／沖縄(おきなわ))

ဂျပန်နိုင်ငံ၏ခရီးသွားလည်ပတ်စရာနေရာများ (၁) (ဟိုကိုင်းဒိုး၊ တိုကျို၊ ကျိုတို၊ အိုကီနာဝါ)

### ▶ 北海道(ほっかいどう) ဟိုကိုင်းဒိုး

ဟိုကိုင်းဒိုးသည် ဂျပန်နိုင်ငံ၏မြောက်ဘက်ဆုံးကျသော ခရိုင်ဖြစ်သည်။ ယခုထိတိုင်အောင် သဘာဝအလှအပ များစွာ ကျန်နေပြီး တောင်၊ ရေကန်၊ ရေတံခွန်၊ တောရိုင်းတိရစ္ဆာန် စသည်တို့ကိုခံစားနိုင်ပါသည်။ ဆောင်းရာသီတွင်မူ နှင်းလျှောစီးနိုင်သောဒေသအဖြစ် နိုင်ငံရပ်ခြားထိ ကျော်ကြားပါသည်။ တစ်ဖန် မြောက်ပိုင်းငါးဖမ်းဧရိယာနှင့်နီးသောကြောင့် ဂဏန်း၊ သံပချြုပ်၊ ကင်းမွန်၊ ဂုံး၊ ဆော်လမွန်ငါးဥ စသည့် လတ်ဆတ်သော ပင်လယ်စာများကို စားနိုင်ပါသည်။ နှစ်စဉ် ဖေဖော်ဝါရီလ၌ ဆာပိုရိုမြို့တွင် ဆာပိုရိုနှင်းပွဲတော်ကို ကျင်းပပြီး များပြားလှသော ခရီးသွားဧည့်သည်များဖြင့် စည်ကားလှပါသည်။



ဆာပိုရို 札幌





北海道は日本のいちばん北にある都道府県です。今でも多くの自然が残り、山や湖、滝、野生動物などの風景が楽しめます。冬には良質の雪でスキーができる地としても、海外から注目されています。また、北の漁場に近いことから、カニやウニ、イカ、ホタテ、イクラなどの新鮮な魚介類が食べられます。札幌では毎年２月に「さっぽろ雪まつり」が開かれ、多くの観光客で賑わいます。

### ▶ 東京(とうきょう) တိုကျို



အာခိဟာဘရ 秋葉原



အဆခုဆ 浅草



တိုကျိုမြို့ပြအစိုးရရုံးအဆောက်အဦ
東京都庁

တိုကျိုမြို့သည် ဂျပန်နိုင်ငံ၏မြို့တော်ဖြစ်ပြီး နိုင်ငံခြားသားများ ဂျပန်နိုင်ငံသို့ခရီးသွားသည့်အခါ အများအပြားသွားရောက် လည်ပတ်ရာနေရာဖြစ်ပါသည်။ တိုကျိုမြို့သည် အလွန်ကျယ်ဝန်းပြီး မြို့နယ်တိုင်းတွင် အမျိုးမျိုးသော ထူးခြားချက်များရှိပါသည်။ ရှင်းဂျုကုသည် တိုကျိုမြို့၏ အစည်ကားဆုံးမြို့လယ်ခေါင်နေရာဖြစ်ပြီး များစွာသောဈေးဆိုင်များ၊ စားသောက်စရာဆိုင်များရှိသည်။ ရှင်းဂျုကုတွင်ရှိသည့် တိုကျိုမြို့ပြအစိုးရရုံးအဆောက်အဦတွင် အခမဲ့ရှုမျှော်ခင်းကြည့်စင်ရှိပြီး ခရီးသွားဧည့်သည်များကြားတွင် လူကြိုက်များပါသည်။ ထို့အပြင် အန်နီမေးရှင်းနှင့်ကွန်ပျူတာများ ကျော်ကြားသော အာခိဟာဘရ၊ ပြတိုက်နှင့်အနုပညာပြတိုက်၊ တိရစ္ဆာန်ရုံရှိသော အုအဲနို၊ ရိုးရာဘုရားကျောင်းနှင့် မြို့လည်ရှိ အဆခုဆ၊ သစ်လွင်များပြားသော ကုန်သွယ်ရေးလုပ်ငန်းအဆောက်အဦ၊ ဖျော်ဖြေရေးအဆောက်အဦများရှိသည့် အိုဒိုင်းဘ စသဖြင့် ဆွဲဆောင်မှုရှိသောနေရာအမျိုးမျိုး ရှိပါသည်။ ထို့အပြင် နန်းတော်၊ Tokyo Skytree၊ Tokyo Disneyland (တည်နေရာမှာ တိုကျိုမြို့ မဟုတ်ဘဲ ချိဘခရိုင်) စသဖြင့် လည်ပတ်စရာနေရာများအဖြစ် ကျော်ကြားပါသည်။

日本の首都である東京は、外国人が日本を旅行する際、多くの人が訪れる場所になっています。東京といっても非常に広く、町ごとに、さまざまな特徴があります。新宿は、東京で最もにぎやかな繁華街で、多くの店や飲食店があります。新宿にある東京都庁には無料の展望台があり、観光客に人気です。そのほかに、アニメやコンピュータで有名な秋葉原、博物館や美術館、動物園がある上野、伝統的な寺と下町の風情のある浅草、新しい商業施設や娯楽施設が多くあるお台場など、魅力的な町がいろいろあります。これらのほか、皇居、東京スカイツリー、東京ディズニーランド（所在地は東京都ではなく千葉県）などが、観光地として有名です。


©The Japan Foundation

### ▶ 京都（きょうと） ကျိုတို





ကျိုတိုမြို့သည် ၇၉၄ ခုနှစ်တွင် ဂျပန်နိုင်ငံ၏မြို့တော်ဖြစ်ခဲ့ပြီး အချက်အချာကျပြီး စည်ကားသော မြို့ဟောင်းဖြစ်သည်။ ကျိုတိုမြို့၌ ရှေးဟောင်းဗုဒ္ဓဘုရားကျောင်းနှင့် နတ်ကွန်းများစွာရှိပါသည်။ အထူးသဖြင့် ခင်းခကုဂျိဘုရားကျောင်း၊ ခိယောမိဇုဒဲရ ဘုရားကျောင်း၊ ရျောအန်းဂျိဘုရားကျောင်း စသည့် နာမည်ကြီးဘုရားကျောင်းများပါဝင်သော ၁၇ ခုသော အဆောက်အဦများသည် ရှေးဟောင်းကျိုတိုမြို့၏ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် မှတ်တမ်းတင်ထားပါသည်။ ဘုရားကျောင်းများသာမက ရှေးမြို့ဟောင်းအနေအထားများကျန်ရစ်နေသောနေရာများ၊ ကျိုတိုမြို့၏ရိုးရာအစားအစာ၊ ဂျပန်ကီမိုနိုဝတ်စုံနှင့် maiko-san စသဖြင့် ဂျပန်နိုင်ငံတွင်သာရှိသည့် ဆွဲဆောင်မှုများနှင့် ပြည့်ဝနေသောကြောင့် ယခုလက်ရှိအနေအထားတွင်လည်း ဧည့်သည်များဖြင့်စည်ကားနေပါသည်။

京都は794年に都が置かれ、それ以来、日本の中心的な都市として栄えてきた古い町です。京都には古いお寺や神社が数多くあり、特に金閣寺、清水寺、龍安寺など有名なお寺を含む17の施設が、「古都京都の文化財」として世界遺産に登録されています。お寺だけではなく、昔の古い町並みを残す地域や、伝統的な京料理、和服姿の「舞妓さん」など、日本ならではの魅力にあふれているため、現在も多くの観光客で賑わっています。

### ▶ 沖縄（おきなわ） အိုကီနာဝါ





အိုကီနာဝါသည် ဂျပန်နိုင်ငံ၏ တောင်ဘက်အကျဆုံးခရိုင်ဖြစ်သည်။ ရှေးယခင်က "လျူးကျူး" ဟု ခေါ်ဆိုပြီး ယခုထိတိုင်အောင် သီးခြားယဉ်ကျေးမှုများကျန်ရှိနေသည့်ကျွန်းဖြစ်ပါသည်။ ဂျပန်နိုင်ငံဒေသ အသီးသီးမှ လေယာဉ်များလည်း အိုကီနာဝါသို့ပျံသန်းလျက်ရှိပြီး တိုကျိုမြို့မှ ၃ နာရီခန့်၊ အိုဆာကာမြို့မှ ၂ နာရီခန့် ကြာမြင့်ပါသည်။ တစ်ဖန် အပူလျော့ပိုင်းဒေသ၏ရာသီဥတုကြောင့် တစ်နှစ်ပတ်လုံးပူနွေးပြီး လှပသော ပင်လယ်ရှိသောကြောင့် ဒိုင်ဗင်ထိုးခြင်း၊ ရေတိမ်ငုတ်ခြင်း၊ ရေကူးခြင်း စသည့် ပင်လယ်ပြင်အားကစားများဖြင့် ပျော်စရာကောင်းသော နေရာအဖြစ် ကျော်ကြားပါသည်။

အိုကီနာဝါသို့သွားသည့်လေယာဉ်လက်မှတ်သည် ဈေးကြီးသောကြောင့် ရာသီချိန်မဟုတ်သော အချိန်အခါများ၌ စောလျင်စွာကြိုတင်မှာယူခြင်း၊ တန်ဖိုးနည်းလေကြောင်းလိုင်း (LCC) ကို အသုံးပြုခြင်းများဖြင့် သက်သာစွာသွားရောက်နိုင်ပါသည်။

沖縄は、日本のいちばん南の都道府県です。昔は「琉球」と呼ばれ、今も独自の文化が残っている島です。日本各地から飛行機が出ていますが、東京からは約3時間、大阪からは約2時間程度で行けます。また、亜熱帯性の気候で一年中暖かく、海がきれいなため、ダイビング、シュノーケリング、海水浴などのマリンスポーツが楽しめる場所としても有名です。

沖縄に行く飛行機は、正規料金のチケットは高額ですが、オフシーズンの時期に早めに予約したり、LCCを利用したりすれば、安く行けることもあります。

## ● 富士山（ふじさん）および富士五湖周辺（ふじごこしゅうへん） ဖူဂျီတောင်နှင့် ဖူဂျီကန် ၅ ကန်အနီးပတ်ဝန်းကျင်



ဖူဂျီတောင်မြောက်ဘက်၊ ယာမနရှိခရိုင်ဘက်ခြမ်းတောင်ခြေ၌ ဖူဂျီမီးတောင်ပေါက်ကွဲစဉ်က မီးတောင်ချော်ရည်များကြောင့် မြစ်ပိတ်ဆို့မှုမှ ဖြစ်ပေါ်လာသော ဖူဂျီကန် ၅ ကန်ရှိပြီး ဖူဂျီတောင်ကိုမြင်နိုင်သည့် နာမည်ကြီးလည်ပတ်စရာနေရာအဖြစ် လူကြိုက်များပါသည်။ ရှင်းဂျူကုမှ ဘတ်စ်ကားဖြင့် ၂ နာရီခန့်ကြာမြင့်ပြီး တိုကျိုမှလည်းသိပ်မဝေးသည့်အတွက်ကြောင့် လူအများလာရောက်လည်ပတ်သည့်အကြောင်းရင်းဖြစ်ပါသည်။

ဖူဂျီကန် ၅ ကန်တွင် ခဝဂုချိ ရေကန်၊ ယာမနကာ ရေကန်သည် ကြီးမားပြီး နာမည်ကျော်ကြားပါသည်။ နှစ်နေရာလုံးတွင် လှေစီးခြင်း၊ စက်ဘီးငှားစီးခြင်းများ လုပ်နိုင်ပါသည်။

ဤဒေသတွင် အနုပညာပြတိုက်နှင့် ပန်းခြံ စသဖြင့် ခရီးသွားဧည့်သည်များအတွက်ရည်ရွယ်သည့် နေရာများစွာရှိပြီး ခဝဂုချိရေကန်အနီးတွင်ရှိသည့် Fuji-Q Highland သည် ရိုလာကိုစတာ စသည့် စိတ်လှုပ်ရှားစရာစက်ကရိယာများဖြင့် လူသိများပါသည်။ နေ့ချင်းပြန်သွားနိုင်သည့်ရေပူစမ်းများစွာရှိပြီး ဖူဂျီတောင်ကိုကြည့်ရင်း ပြင်ပရေပူစမ်းဝင်နိုင်သည့်နေရာများလည်းရှိပါသည်။

ဖူဂျီကန် ၅ ကန် အနီးအနားရှိ အစားအသောက်များသည် ဖူဂျီတောင်မှရေကိုသုံးပြီး ချက်ထားသည့် udon နှင့် ခေါက်ဆွဲပြားအထူကို ဟင်းသီးဟင်းရွက်နှင့်အတူ မီဆိုဖြင့် ချက်ပြုတ်ထားသည့် hootoo ဟုခေါ်သည့်ဟင်းစသည်တို့သည် နာမည်ကြီးပါသည်။ ထို့အပြင် ရေကန်မှဖမ်းထားသည့် ဝါကစဂိငါး၊ မာစုငါး စသည့်ငါးများဖြင့် ချက်ပြုတ်ထားသည့်ဟင်းလျာများကိုလည်း စားနိုင်ပါသည်။



*hootoo* ほうとう



©The Japan Foundation

富士山の北側、山梨県側の麓には、富士山が噴火したときの溶岩で川がせき止められてできた「富士五湖」があり、富士山が見られる観光名所として人気があります。新宿からバスで約2時間と東京から比較的近いことも、多くの人が訪れる理由の1つです。

富士五湖のうち特に大きくて有名なのは「河口湖」と「山中湖」です。どちらもボートに乗ったり、レンタサイクルを借りてサイクリングしたりすることができます。

このエリアには、美術館や公園など、観光客向けのスポットもいくつかあり、また河口湖のそばにある「富士急ハイランド」は、ジェットコースターなどの絶叫マシンで知られています。日帰りで利用できる温泉施設もいくつかあり、富士山を見ながら露天風呂に入れるところもあります。

富士五湖近辺の料理は、富士山の水を使って作ったうどんや、平たい太い麺を野菜といっしょに味噌で煮込んだ「ほうとう」という料理などが有名です。このほか、湖で採れたワカサギやマスなどの魚を使った料理も食べることができます。

## 高速(こうそく)バス အဝေးပြေးဘတ်စ်ကား



အဝေးပြေးဘတ်စ်ကားများသည် ဂျပန်နိုင်ငံ၏မြို့အသီးသီးနှင့် ခရီးသွားလည်ပတ်စရာနေရာဒေသများကို ပို့ဆောင်ပြေးဆွဲပေးသည့် ဘတ်စ်ကားများဖြစ်ပြီး အဝေးပြေးလမ်းမကြီးကို အသုံးပြုပြီး မောင်းနှင်ကြပါသည်။ ကျည်ဆန်ရထား၊ လေယာဉ်ပျံများနှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းသက်သာသောကြောင့် အချိန်ကြာသော်လည်း သက်သာစွာသွားချင်သူများအတွက် ရည်ရွယ်ပါသည်။ ဥပမာ တိုကျိုမှ အိုဆာကာသို့ ခရီးသွားသည့်အခါ လေယာဉ်ပျံနှင့်သွားလျှင် ယန်း ၁၀၀၀၀ -၂၀၀၀၀ ခန့်၊ ကျည်ဆန်ရထားနှင့်သွားလျှင် ယန်း ၁၄၀၀၀ ခန့် ကုန်ကျသော်လည်း၊ အဝေးပြေးဘတ်စ်ကားနှင့်သွားလျှင် ယန်း ၃၀၀၀ - ၅၀၀၀ ဖြင့် သွားနိုင်ပါသည်။ ဈေးနှုန်းသက်သာရုံသာမက ညဘက်ထွက်လျှင် မနက်ဘက်ရောက်သည့် ညကားများဖြစ်သောကြောင့် အချိန်ကိုအကျိုးရှိရှိသုံးချင်သည့်လိုအပ်ချက်နှင့်လည်း ကိုက်ညီနေပါသည်။

ယခုတလောတွင်မူ တူညီသည့်အဝေးပြေးဘတ်စ်ကားဖြစ်သော်လည်း ဈေးနှုန်းသက်သာသောကားများရှိသကဲ့သို့ ဈေးအနည်းငယ်ကြီးသော်လည်း ထိုင်ခုံနေရာကျယ်ခြင်း စသည့် ကားအတွင်းသက်တောင့်သက်သာရှိမှုကို အဓိကထားသည့်ကားများလည်းရှိပြီး မိမိလိုအပ်ချက်နှင့်ကိုက်ညီသည်ကို ရွေးချယ်နိုင်ပါသည်။

အဝေးပြေးဘတ်စ်ကားလက်မှတ်သည် နေရာလွတ်ရှိပါက ထိုနေ့တွင်ဝယ်နိုင်သော်လည်း အင်တာနက်တွင် ကြိုတင်မှာယူခြင်းက ပုံမှန်ဖြစ်သည်။

高速バスは、日本の各都市や観光地を結ぶバスで、高速道路を利用して移動します。新幹線や飛行機と比べて料金が安いので、時間がかかってもいいから安く移動したい、という人に向いています。例えば、東京と大阪の間を移動する場合、飛行機なら約10,000～20,000円、新幹線なら約14,000円かかりますが、高速バスなら3,000～5,000円で移動することができます。値段の安さだけでなく、夜に出発し、朝に目的地に到着する夜行便が多いので、時間を有効に活用したいというニーズにも合っています。

最近では、同じ高速バスでも、値段の安さを追求するものがある一方で、値段は少し高くなっても座席間のスペースなど車内の快適さに重点を置いたものもあり、自分のニーズに合わせて選ぶことができます。

高速バスの切符は、空きがあれば当日に窓口で買うこともできますが、インターネットで予約するのが一般的です。

## 日本(にほん)の観光地(かんこうち)2(日光(にっこう)／奈良(なら)／富山(とやま)／長野(ながの))

### ဂျပန်နိုင်ငံ၏ခရီးသွားလည်ပတ်စရာနေရာများ (၂) (နစ်ကိုး၊ နာရ၊ တိုယာမ၊ နာဂါနို)

#### ▶日光(にっこう) နစ်ကိုး



ယိုမဲအိမွန်း ဂိတ်တံခါး 陽明門



စန်းဇရု ပန်းပုရုပ်ထုများ 三猿

နစ်ကိုးသည် တိုချိဂိခရိုင်တွင်ရှိသည့် လည်ပတ်စရာနေရာဖြစ်ပြီး တိုကျို၏မြောက်ဘက် ၁၅၀ ကီလိုမီတာခန့်၊ ရထားဖြင့် ၂ နာရီခန့်သွားရသည့်နေရာတွင်ရှိပါသည်။ လှပသောသဘာဝရှုခင်းများနှင့် သမိုင်းဝင်နေရာများကြောင့် နာမည်ကျော်ကြားပြီး အထူးသဖြင့် တိုခုဂဝအိအဲယစုကို ပူဇော်ထားသည့် နစ်ကိုးတိုးရှောဂု သည် ကမ္ဘာ့အမွေအနှစ်အဖြစ် ကျန်ရစ်ခဲ့ပြီး တောက်ပြောင်လှသောအဆင်တန်ဆာများဖြင့် အလှဆင်ထားသည့် ယိုမဲအိမွန်း ဂိတ်တံခါး၌ မိဇရု၊ ခီကဇရု၊ အီဝဇရု (မကြည့်၊ မကြား၊ မပြော) ဖြင့် နာမည်ကြီးသည့် မျောက် ၃ ကောင်၏ စန်းဇရု ပန်းပုရုပ်ထုများ စသည်ဖြင့် များလှစွာသောကြည့်ရှုစရာများရှိပါသည်။ နစ်ကိုး၏အလယ်ဗဟိုဖြစ်သည့် အိရောဟဇက ဟုခေါ်ဆိုသည့် လမ်းကိုသွားလိုက်လျှင် ရေကန်၊ စိုစွတ်သည့်မြက်ခင်း၊ ရေတံခွန်၊ တောင် စသည့် သဘာဝအလှများကို ခံစားနိုင်သည့်နေရာလည်းရှိပါသည်။ နာမည်ကြီးလည်ပတ်စရာနေရာအဖြစ် ကျော်ကြားသည့် ခဲဂွန်း ရေတံခွန်၊ ချူးဇဲန်းဂျိ ရေကန်လည်း ရှိပါသည်။ ထိုအနီးပတ်ဝန်းကျင်သည် မေပယ်ရွက်များအရောင်ပြောင်းသည့် နာမည်ကြီးနေရာအဖြစ် ကျော်ကြားပြီး မေပယ်ရွက်များအရောင်ပြောင်းသည့်ရာသီရောက်လျှင် အိရောဟဇက လမ်းသည် ဆိုးဝါးသောယဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်တတ်သည်။


©The Japan Foundation

日光は、栃木県にある観光地で、東京から北に約 150km、電車で 2 時間ぐらいのところにあります。美しい自然と歴史的な史跡が有名で、特に徳川家康を祀った「日光東照宮」は、世界遺産にも登録されており、きらびやかな飾りで飾られた「陽明門」、「見ざる、聞かざる、言わざる」で有名な「三猿」の彫刻など、多数の見どころがあります。日光の中心部から「いろは坂」という道を上ると、湖や湿原、滝、山などの自然を楽しむエリアに出ます。観光名所として有名な「華厳の滝」や「中禅寺湖」があります。この辺りは紅葉の名所としても知られており、紅葉のシーズンになると、「いろは坂」は大渋滞になります。



ချူးဇဲန်းဂျိ ရေကန် 中禅寺湖

## 奈良（なら） နာရ

၇၁၀ ခုနှစ်၌ မြို့တော်ဖြစ်ခဲ့သည့် နာရမြို့သည် သမိုင်းဝင်မြို့အဖြစ် ကမ္ဘာက သိကြပါသည်။ ၎င်းမြို့ထဲ၌ နာမည်ကြီးသည့်အရာမှာ ဘုရားဆင်းတုတော်ကြီး ရှိသည့် တိုဒိုင်းဂျိ ဘုရားကျောင်းနှင့် သမိုင်းဝင် ခစုဂတိုင်းရှ ဘုရားကျောင်း ဖြစ်ပါသည်။ တိုဒိုင်းဂျိ နှင့် ခစုဂတိုင်းရှ ၏ အနီးပတ်ဝန်းကျင်သည် နာရပန်းခြံဖြစ်ပြီး သဘာဝတောရိုင်းသမင်များ မြောက်များစွာရှိသည့်အတွက် လူသိများပါသည်။ သဘာဝတောရိုင်းသမင်ဟုဆိုသော်လည်း လူများနှင့်ယဉ်ပါးပြီး ဆိုင်များ၌ ရောင်းနေသည့် သမင်စာကိုဝယ်ကျွေးလျှင် နှစ်ခြိုက်စွာစားကြပါသည်။ ထိုသို့ ချစ်စရာကောင်းသည့်ပုံရိပ်သည် ပြည်တွင်းပြည်ပခရီးသွားများကြား၌ အလွန်ပင် ရေပန်းစားပါသည်။



တိုဒိုင်းဂျိ ဘုရားကျောင်း 東大寺

710 年に都が置かれた奈良は、歴史的な町として世界に知られています。中でも有名なのは、大仏のある「東大寺」や、歴史のある神社「春日大社」です。東大寺や春日大社の辺りは「奈良公園」で、野生の鹿が多数いることでも知られています。野生といっても人間によく慣れており、売店で売っている「鹿せんべい」を買って与えると、喜んで食べます。そのかわいらしい姿が、内外からの観光客に大人気です。



နာရပန်းခြံ 奈良公園

## 富山（とやま） တိုယမ





ဂျပန်ပင်လယ်ကိုမျက်နှာမူထားသည့် တိုယမခရိုင်သည် မြောက်ဘက်အဲလ်ပ်စ်တောင်စဉ်တောင်တန်းများအား တက်ရန်အတွက် အခြေခံကျသောနေရာအနေဖြင့် လူသိများသည်။ နွေရာသီနှင့် ဆောင်းဦးရာသီတွင်မူ တကဲယာမခုရိုဘဲ အယ်လ်ပိုင်းရု(တ်) နှင့် ခုရိုဘဲခရောကိုခုတိုရို့ကို ရထား စသည်ဖြင့် တိုယမမြို့၏ လည်ပတ်စရာနေရာများက နိုင်ငံရပ်ခြားမှ ခရီးသွားဧည့်သည်များကြား ကျော်ကြားပါသည်။ ထို့အပြင် တောင်တန်းသာမက ပင်လယ်ကိုမျက်နှာမူထားသည့်အတွက်ကြောင့် လတ်ဆတ်သောပင်လယ်စာများများစွာ ရှိပါသည်။ အထူးသဖြင့် ကင်းမွန်၊ ပုစွန်၊ နိုဒိုဂုရိုငါး၊ ဆမုဘုရိငါး စသည့် နာမည်ကြီးပင်လယ်ထွက်ကုန်များပေါကြွယ်ဝသည့်အတွက် လူသိများသည်။

日本海に面する富山県は、北アルプスの登山の拠点として知られています。夏から秋のシーズンには、「立山黒部アルペンルート」や「黒部峡谷トロッコ電車」などの山岳観光が、海外からの観光客に人気です。また、山だけでなく、海にも面していることから、新鮮な魚介類も豊富に採れます。特に「ホタルイカ」「白エビ」「のどぐろ」「寒ブリ」などの海産物は、富山名物として知られています。



## 長野（ながの） နာဂါနို

နာဂါနိုသည် ၁၉၉၈ ခုနှစ်၌ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကျင်းပခဲ့သည့်အတွက်ကြောင့် ကမ္ဘာတွင်လူသိများလာပါသည်။ တောတောင်ပေါ်များပြီး အရည်အသွေးကောင်းမွန်သည့် နှင်းလျှောစီးကွင်းများစွာရှိသည့်အတွက်ကြောင့် ဆောင်းရာသီအားကစားအဖြစ် လူသိများသကဲ့သို့ နွေရာသီတွင်လည်း တောင်ပေါ်အပူရှောင်ရာဒေသအဖြစ် နွေရာသီတောင်တက်ခြင်းဖြင့် စည်ကားပါသည်။ ရေပူစမ်းလည်းများစွာရှိပါသည်။ ထို့အပြင် လည်ပတ်


©The Japan Foundation


ဇဲန်းကိုဂျိ ဘုရားကျောင်း 善光寺

စရာအနေဖြင့် ၇ ရာစုအလယ်လောက်မှစ၍ သမိုင်းကြောင်းရှိသည့် ဇဲန်းကိုဂျိ ဘုရားကျောင်း၊ ရေပူစမ်းစိမ်သည့် မျောက် (နှင်းမျောက်) ကြောင့်လူသိများသည့် ဂျိဂိုခုဒနိ ဘေးမဲ့မျောက်ဥယျာဉ် စသည်ဖြင့် ကမ္ဘာတွင် နာမည်ကြီးပါသည်။

長野は、1998年に冬季オリンピックが開かれたことで、世界中に知られるようになりました。山が多く、良質な雪のスキー場がたくさんあることから、ウィンタースポーツで知られていますが、夏期も、高原の避暑や夏山登山で賑わいます。温泉も多くあります。そのほかの観光地としては、7世紀半ばから続く、歴史のあるお寺の「善光寺」、温泉に入るサル（スノーモンキー）で知られる「地獄谷野猿公苑」などが、世界的に有名です。



## ● スキー／スキー場（じょう）　နှင်းလျှောစီးကွင်း



ဂျပန်နိုင်ငံတွင် ချူဘုဒေသ၊ တိုးဟိုကုဒေသ၊ ဟိုကိုင်းဒိုး တို့တွင် နှင်းလျှောစီးကွင်း အကြီးအသေး ၅၀၀ ကျော် ရှိပါသည်။

နှင်းတိုင်းပြည်၌နေထိုင်သည့်အခါ နှင်းလျှောစီးခြင်း၊ စနိုးဘုတ်သည် ထိုဒေသနှင့် ရင်နှီးကျွမ်းဝင်သော ဆောင်းရာသီအားကစား၊ အပန်းဖြေမှုအနေဖြင့် တည်ရှိပါသည်။ တိုကျိုကဲ့သို့ မြို့ကြီးများ၌ နေထိုင်သူများအတွက် ဒီဇင်ဘာလမှ မတ်လအထိ နှင်းလျှောစီးရာသီ ရောက်လာလျှင် ဘတ်စ်ကားအများအပြားစီစဉ်ထားသည့်အတွက် နှင်းလျှောစီးကွင်းသို့ လွယ်ကူစွာသွားနိုင်ပါသည်။ ဘတ်စ်ကားခရီးစဉ်မှာ ယာဉ်စီးခအပြင် ဓာတ်လှေကားလက်မှတ်၊ နှင်းလျှောစီးဝတ်စုံငှားစရိတ်ပါ ပါဝင်ပြီး လူငယ်များအကြား လူကြိုက်များပါသည်။ သို့သော် ပထမဆုံး နှင်းလျှောစီးသည့်အခါနှင့် စနိုးဘုတ်စီးသည့်အခါ လုံခြုံစိတ်ချမှုရှိရန်အတွက် ဦးစွာ နှင်းလျှောစီးသင်တန်းကို တက်ထားလျှင်ကောင်းပါလိမ့်မည်။

ဂျပန်နိုင်ငံ၏နှင်းလျှောစီးကွင်းသည် အနီးအနား၌ ရေပူစမ်းများစွာရှိသောကြောင့် နှင်းလျှောစီးပြီးနောက် ရေပူစမ်း၌ အေးဆေးစွာရေစိမ်ရင်းသက်တောင့်သက်သာ နေနိုင်ပါသည်။ ထို့အပြင် ဒေသအသီးသီး၏ နာမည်ကြီးဒေသထွက်ပစ္စည်းများကို မြည်းစမ်းခြင်းသည်လည်း ဂျပန်နိုင်ငံ၌ နှင်းလျှောစီးခြင်း၏ ပျော်ရွှင်စရာနည်းလမ်းတစ်ခုဖြစ်ပါသည်။

日本には、中部地方、東北地方、北海道を中心に、大小合わせて500以上のスキー場があります。
雪国在住の場合は、スキーやスノーボードは冬のスポーツ、レジャーとして身近な存在です。東京などの都市部に住んでいる場合も、12月から3月のスキーシーズンになると、バスツアーが数多く企画されるので、手軽にスキーに出かけることができます。バスツアーには、交通費以外にリフト券、スキーやウェアのレンタル費用が含まれているものもあり、若い人に人気です。ただし、はじめてスキーやスノーボードをする場合は、安全のためにも、まずはスキー教室に入るといいでしょう。
日本のスキー場は、近くに温泉地があることが多いので、スキーのあとに温泉にゆっくり浸かってリラックスすることができます。また、それぞれの地域で、その土地の名物の山の幸を味わったりすることも、日本のスキーの楽しみ方の1つです。



## ● ホテル／旅館（りょかん）／民宿（みんしゅく）／ゲストハウス　ဟိုတယ်၊ ဂျပန်ရိုးရာတည်းခိုခန်း၊ ပုဂ္ဂလိကတည်းခိုခန်း၊ ဧည့်ဂေဟာ

ဂျပန်နိုင်ငံ၌အမျိုးမျိုးသောပုံသဏ္ဌာန်များနှင့်တည်းခိုစရာအဆောက်အဦများစွာရှိပါသည်။

日本には、さまざまな形態の宿泊施設があります。

### ▶ ホテル　ဟိုတယ်

ကမ္ဘာ့နိုင်ငံအသီးသီးရှိဟိုတယ်များသည် အများအားဖြင့် ပုံစံတူကြပါသည်။ သို့သော် နိုင်ငံရပ်ခြား၌ တစ်ခန်းဈေးနှုန်းကိုသတ်မှတ်ထားပြီး လူဦးရေမည်မျှသုံးသည်ဖြစ်စေ ဈေးနှုန်းပြောင်းလဲခြင်းမရှိသည်က ပုံမှန်ဖြစ်သော်လည်း ဂျပန်နိုင်ငံတွင်မူ အခန်းတစ်ခန်းကို အသုံးပြုသည့် လူအရေအတွက်ပေါ်လိုက်ပြီး ဈေးနှုန်းကွာခြားသည့်အနေအထားရှိပါသည်။ ထို့အပြင် ဝင်ချိန်ထွက်ချိန်လည်းတင်းကြပ်ပြီး သတ်မှတ်ထားသည့် အချိန်


©The Japan Foundation

ထက်စော၍ အခန်းတွင်းဝင်ရောက်ခြင်း၊ နောက်ကျပြီး အခန်းတွင်းမှထွက်ခြင်း (ဥပမာ ၄င်းအခန်းကိုအခြားအသုံးပြုမည့်လူမရှိသော်လည်း) စသည့် အနေအထားတွင် သီးခြားပိုက်ဆံပေးချေရသည်က ပုံမှန်ဖြစ်ပါသည်။

　အလည်အပတ်အတွက်မဟုတ်ဘဲ အလုပ်ကိစ္စနှင့် လာရောက်သော ခရီးသွားဧည့်သည်များအတွက် အဓိကရည်ရွယ်သည့် Business Hotel သည် အခန်းကိုကျဉ်းထား၍ ပါဝင်ပစ္စည်းနှင့်ဝန်ဆောင်မှုကို ပြောင်းလဲထားပြီး သက်သာသောဈေးနှုန်းဖြင့် တည်းခိုနိုင်ပါသည်။

　世界のいろいろな国にあるホテルとだいたい同じ形式です。ただし、海外では1部屋あたりの料金が決められていて、何人で使っても料金が変わらないことが普通ですが、日本の場合、1部屋を何人で使うかによって、値段が異なる場合があります。また、チェックインとチェックアウトの時間も厳格で、決められた時間よりも早く部屋に入ったり、遅く部屋を出たりする場合には、(たとえその部屋をほかに使う人がいなくても) 別料金を払わされるのが普通です。

　観光用ではなく、出張で来た客を主なターゲットとした「ビジネスホテル」は、部屋を狭くし、設備やサービスを合理化したぶん、比較的安い値段で泊まれます。

### ▶ 旅館(りょかん)　Ryokan (ဂျပန်ရိုးရာတည်းခိုခန်း)



　ဂျပန်ရိုးရာတည်းခိုခန်းသည် ဂျပန်အဆောက်အဦပုံစံများဖြစ်ပြီး ဂျပန်ပုံစံအခန်းကိုအဓိကထားသည့် တည်းခိုခန်းအဆောက်အဦ ဖြစ်ပါသည်။ တည်းခိုမည်ဆိုပါက ထိုနေ့၏ ညစာနှင့် နောက်တစ်နေ့၏ မနက်စာအပါအဝင် “တစ်ညအိပ်၊ နှစ်နပ်စာ” ပိုက်ဆံပေးချေခြင်းက ပုံမှန်ဖြစ်ပါသည်။ တည်းခိုခန်းတွင် တည်းခိုသည့်ဧည့်သည်များအတွက် အများသုံး ရေချိုးခန်းအကြီး ရှိပါသည်။

　旅館は日本的な建物が多く、和室が中心の宿泊施設です。宿泊は、その日の夕食と翌日の朝食が付いた「1泊2食付」の料金で提供されることが普通です。館内には、宿泊客が共同で利用できる「大浴場」があります。

### ▶ 民宿(みんしゅく)　Minshuku (ပုဂ္ဂလိကတည်းခိုခန်း)



　ဂျပန်ရိုးရာတည်းခိုခန်း၊ ဟိုတယ် တို့ကဲ့သို့ ကြီးမားသောအဆောက်အဦမဟုတ်ဘဲ မိသားစုက ကိုယ်တိုင်စီမံခန့်ခွဲသည့် အနေအထားကများသည်ဟု ဆိုနိုင်ပါသည်။ ဂျပန်ရိုးရာတည်းခိုခန်းကဲ့သို့ အများအားဖြင့် တစ်ညအိပ် နှစ်နပ်စာသတ်မှတ်ထားပြီး အစားအသောက်မှာ ၎င်းပုဂ္ဂလိကတည်းခိုခန်းပိုင်ရှင်၏ ကိုယ်တိုင်ချက်ပြုတ်သည့် မိသားစုဟင်းလျာများက အဓိကဖြစ်ပါသည်။ ဟိုတယ်၊ ဂျပန်ရိုးရာတည်းခိုခန်းနှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းသက်သာသည်က ထူးခြားချက်ဖြစ်ပြီး ပါဝင်ပစ္စည်းနှင့်ဝန်ဆောင်မှုများမှာမူ သတ်မှတ်ထားပါသည်။ ပုဂ္ဂလိကတည်းခိုခန်းများသည် ဟိုတယ်ကဲ့သို့ ကြိုတင်မှာကြားနိုင်သော အင်တာနက် ဝက်ဘ်ဆိုဒ်များနှင့် ချိတ်ဆက်ထားမှုမရှိသည်ကများသောကြောင့် ၎င်းဒေသ၏ အလည်အပတ်လမ်းညွှန်နေရာမှ မိတ်ဆက်ပေးခြင်း၊ အခန်းကြိုတင်မှာယူမည်ဆိုပါက ဧည့်လမ်းညွှန်စာအုပ်၊ အင်တာနက်တွင်ရှာဖွေပြီး ဖုန်းဆက်၍ကြိုတင်မှာယူရသည့် အနေအထားရှိပါသည်။

　旅館やホテルほど規模が大きくない宿泊施設で、家族で経営している場合が多いといえます。旅館と同じように、1泊2食付で提供されることがほとんどですが、料理は、その民宿の経営者が自ら作る家庭料理が中心です。ホテルや旅館に比べて値段が安いのが特徴ですが、設備やサービスなどは、そのぶん限られています。民宿は、インターネットのホテル予約サイトには登録していないことも多いので、現地の観光案内所で紹介してもらったり、前もって予約する場合は、ガイドブックやネットで調べてから、電話をかけて予約しなければならない場合もあります。

### ▶ ゲストハウス　ဧည့်ဂေဟာ

　လည်ပတ်စရာဒေသများ၌ သက်သာစွာတည်းခိုနိုင်သည့် ဧည့်ဂေဟာ ဟုဆိုသည့် တည်းခိုစရာအဆောက်အဦလည်းရှိပါသည်။ အိပ်စရာနေရာမှာ တစ်ယောက်လျှင်ကုတင်တစ်လုံးဟု သတ်မှတ်ထားသော်လည်း တစ်ခန်းကို ဧည့်သည်များစွာ သုံးနိုင်ပါသည်။ သူစိမ်းဧည့်သည်နှင့် အခန်းအတူတူ သုံးခြင်းကို အအိဘဲယ ဟုခေါ်ပါသည်။ ထို့အပြင် အလှပြင်ခန်း၊ အများသုံးအခန်းရှိပြီး ဧည့်သည်အချင်းချင်းလည်း ခင်မင်ရင်းနှီးမှုရနိုင်ပါသည်။ ဈေးသက်သာသည်သာမက အခြားလူများနှင့်လည်း ခင်မင်ရင်းနှီးနိုင်သည့်အခွင့်အရေးလည်း ရရှိနိုင်ခြင်းက ဧည့်ဂေဟာ၏ဆွဲဆောင်မှု တစ်ခုဖြစ်ပါသည်။

　観光地には、安く泊まれる「ゲストハウス」という宿泊施設もあります。ベッドは1人1台割り当てられますが、同じ部屋を複数の客が使います (知らない客と同じ部屋を使うことを「相部屋」といいます)。また、サロンや交流スペースがあり、客同士で交流することもできます。安さだけではなく、ほかの人と知り合う機会が得られることも、ゲストハウスの魅力の1つです。


©The Japan Foundation